အထွေထွေအတွင်းရေးမှူး ၏အစီရင်ခံစာ
(အောက်တိုဘာ၊ ၂၀၀၃)

၁။ အများမျှော်နေကြသော ဝန်ကြီးချုပ်သစ် ဗိုလ်ခင်ညွန့်၏ ဘာလီကျွန်းခရီးစဉ် ပြီးသွားပါပြီ။ ASEAN ၏ သဘောထားကိုလည်း သိလိုက်ကြရပါပြီ။

ဗမာပြည်ကွန်မြူနစ်ပါတီက ယခင်ကတည်းက "ကိုယ်ပြဿနာ ကိုယ့်ဘာသာ ရှင်းရမယ်။ ပြည်ပကိုရှင်းခိုင်းလို့ မဖြစ်ဘူး၊ ရှုပ်ကုန်မယ်" ဟု ပြောခဲ့ပါသည်။ ယခု တကယ်ပဲ ရှုပ်ကုန်ပါပြီ။

ဖနွမ်းပင်စည်းဝေးပွဲမှာ ဒီပဲယင်းကိစ္စ ဖြစ်ပြီးစ သွေးပူတုန်း ဖြစ်ပါသည်။ ဘာလီစည်းဝေးပွဲကျတော့ သွေးအေးသွားပါပြီ။ သွေးပူသွေးအေးက အဓိကတော့ မဟုတ်ပါ။ အဓိကမှာ နိုင်ငံတကာ့အခြေအနေပြောင်းလဲမှု ဖြစ်ပါသည်။ နိုင်ငံတကာ့အခြေအနေက ပိုပြီးတင်းမာနေချိန်နှင့် ဘာလီအစည်းအဝေး တိုက်ဆိုင်နေပါသည်။

အာဆီယံ ၁၀ နိုင်ငံအဖွဲ့မှာ အင်အားကြီးနိုင်ငံတို့၏အဖွဲ့ မဟုတ်ပါ။ လေးသံနားထောင်ရင်း ညောင်သီးစားရသောအဖွဲ့ ဖြစ်ပါသည်။ စဖွဲ့တုန်းက ရည်ရွယ်ချက်တမျိုး၊ ယခုရည်ရွယ်ချက်တမျိုးဖြင့် လှုပ်ရှားနေရသည့် လှုပ်လီလှုပ်လဲ့အဖွဲ့ ဖြစ်ပါသည်။ အခြားသော နိုင်ငံစုံဒေသန္တရအဖွဲ့အစည်းများနှင့်ပင် မတူပါ။ သူ့အနေအထားက အလွန်သတိထား လှုပ်ရှားရသည့်အဖွဲ့ ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေး၊ NLD ကို နိုင်ငံရေးအဆင့်နေရာပေးရေး၊ တန်းတူရည်တူဆွေးနွေးရေးစသည်များ လုပ်လာအောင် ဖိအားပေးနိုင်သောအဖွဲ့ မဟုတ်ပါ။ ၁၀ နိုင်ငံတွင် ကိုယ်စီအကျိုးစီးပွားကလည်း ရှိကြပါသေးသည်။ ထို့ကြောင့် သူ့ကိုအားကိုးလျှင် အားကိုးသူ၏ စိတ်ကူးယဉ်မှုပဲ ဖြစ်ပါလိမ့်မည်။

၂။ နိုင်ငံတကာ့အခြေအနေက ရှုပ်ထွေးရုံမက တင်းမာနေပါသည်။ ကုလသမဂ္ဂ၊ ရုရှ၊ အီးယူ၊ အမေရိကန် ၄ ပွင့်ဆိုင်က ပေးလိုက်သည့် လမ်းပြမြေပုံ (Road Map) ပင် အလုပ်မဖြစ်ပါ။ အစ္စရေးလ်ကို မဟန့်နိုင်ပါ။ ဆီးရီးယားကို ဗုံးသွားမကြဲအောင် မတားနိုင်ပါ။ အီရတ်ပြဿနာကလည်း မပြတ်ပါ။ တူရကီ ပါလာနေပါပြီ။ ကုလသမဂ္ဂတွင်လည်း လိပ်ခဲတည်းလည်း ဖြစ်နေပါသည်။ အာဖဂန်ပြဿနာက ပါကစ္စတန်ထိ ကျယ်ပြန့်လာနေပါသည်။

ထိုပြဿနာများကို အာဆီယံ ၁၀ နိုင်ငံက တနည်းမဟုတ်တနည်း ဆက်စပ်စဉ်းစားရပါသည်။ သို့ဖြင့် ဗမာပြည်ပြဿနာ နောက်တန်းရောက်သွားပါသည်။ ရှေ့တွင်လည်း နောက်တန်းသို့ ပို၍ပို၍ရောက်ကာ ပျောက်သွားစရာ ရှိပါသည်။

၃။ ကုလသမဂ္ဂဆုံးဖြတ်ချက်အတိုင်း လုပ်ရေးကို ဗကပ က 'သားရှေအိုးထမ်းလမ်းစဉ်' အဖြစ် ပြောခဲ့ပါသည်။ ကိုယ့်ပြည်တွင်းမှာ ကိုယ့်ဘာသာလုပ်ရေးဆိုတာက – စေ့စပ်စရာရှိ စေ့စပ် – တိုက်စရာရှိတိုက် – ကိုယ့်ပြည်တွင်းမှာပဲ လုပ်ရေးကိုပြောခြင်း ဖြစ်ပါသည်။ ကုလသမဂ္ဂက ဝင်ရှင်းပေးလိမ့်မည်ဟုပြောခြင်း မဟုတ်ပါ။ ကုလသမဂ္ဂကို စိတ်ကူးယဉ်မိလျှင် အာဆီယံဘာလီအစည်းအဝေးအပေါ် စိတ်ကူးယဉ် အားကိုးမိတာထက် ပိုထူးမည် မဟုတ်ပါ။ ကမ္ဘာ့ထိပ်သီးတွေ မပါသည့် အာဆီယံအစည်းအဝေးထက်ပင် ပိုပြီး ဆိုးသွားနိုင်ပါသည်။ ကိုယ့်ပြဿနာက ဘေးရောက်သွားပြီး သူတို့ထိပ်သီးများပြဿနာက လွှမ်းသွားဖို့သာ ရှိပါသည်။

၄။ လက်ရှိ အာဆီယံဥက္ကဋ္ဌမှာ အင်ဒိုနီးရှား ဖြစ်ပါသည်။ သူ့တွင် ဩစတြေးလျနှင့် ပြဿနာရှိပါသည်။ အီရတ်စစ်ပွဲတွင်လည်း အမေရိကန်နှင့်အတူ တက်တက်ကြွကြွ ဩစတြေးလျက ပါထားပါသည်။ ဩစတြေးလျအစိုးရက သူ့အနားမှာရှိသည့် ဆော်လမွန်ကျွန်းစုနိုင်ငံ (Solomon Islands) ကို 'ကျရှုံးနိုင်ငံ' (Failed State) အဖြစ်ပြောပြီး အပိုင်စီးဖို့ ပြင်နေပါသည်။

လူဦးရေ ၄ သိန်းခွဲသာရှိသည့် ကျွန်းနိုင်ငံကလေးကို 'ကျရှုံးနိုင်ငံ' ဖြစ်ကြောင်း အကြောင်းပြချက်တွေ ထုတ်ပြနေပါသည်။ အကြောင်းပြချက် စုစုပေါင်း ၁၃ ချက် ရှိပါသည်။

ကျွန်တော်တို့တိုင်းပြည်အခြေအနေနှင့် ချိန်ထိုးကြည့်နိုင်ရန် ဖော်ပြလိုက်ပါသည်။

– အုပ်ချုပ်ရေးအဖွဲ့အစည်းများ အားနည်းသည်။
– အစိုးရအကျင့်ပျက်သည်။
– နိုင်ငံရေးရာဇဝတ်မှု ထူပြောသည်။
– တရားဥပဒေစိုးမိုးမှု မရှိ။
– အခွန်တော်အဝင်အထွက်မမျှ။
– စီးပွားရေး တုံ့ဆိုင်းနေသည်။
– လူမှုရေးလုပ်ငန်းများ ကမောက်ကမဖြစ်နေသည်။
– လူငယ်တွေ လေလွင့်နေသည်။
– အကြမ်းဖက်မှု ထူပြောသည်။
– နိုင်ငံတကာက ပစ်ပယ်ခံထားရသည်။
– အစိုးရလုပ်ငန်း ပျက်ပြားပြိုပကျနေသည်။
– လူငယ်တွေ အနာဂတ်ပျောက်ကာ စိတ်အချဉ်ပေါက်နေသည်။
– လက်နက်များ ဖောချင်းသောချင်း ဖြစ်နေသည်။

ဤအချက်များကြောင့် ဆော်လမွန်ကျွန်းစုနိုင်ငံမှာ ပျက်စီးနေပြီ၊ ဝင်္ကပါထဲ ပိတ်မိနေပြီဟုပြောပြီး ဩစတြေးလျက သိမ်းယူဖို့ ပြင်နေသည်။ သိမ်းဖို့လွယ်ပေမယ့် နိုင်ငံတကာလက်ခံဖို့က ခက်သည်။ လွတ်လပ်သည့်နိုင်ငံတခု၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတခု၊

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတခုကို သိမ်းယူလိုခြင်းဖြစ်၍ ခက်နေခြင်း ဖြစ်သည်။ စူပါပါဝါအမေရိကန်လို သူကလိုက်လုပ်၍ မရပါ။ အာဆီယံနိုင်ငံများတွင် မူဆလင်ဘာသာကိုးကွယ်သူက သန်းပေါင်း ၂၂၆ သန်း ရှိသည်။ ဘာလီဗုံးခွဲမှုတွင် ဩစတြေးလျန်းတွေ သေထားသည်။ အကြမ်းဖက်မှုကို နယ်စည်းမထားဘဲ လိုက်တိုက်မည်ဟု ဩစတြေးလျက ကြိမ်းထားသည်။ ထို့ကြောင့် အာဆီယံ အစည်းပြေပြေလို့ မဖြစ်ပါ။ သို့ဖြင့် နအဖကို အင်ဒိုနီးရှား၊ မလေးရှားတို့က ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံချင်ကြသည်။ ဗမာ၊ လော၊ ကမ္ဘောဒီးယား၊ ထိုင်း ၄ နိုင်ငံပေါင်း စီးပွားရေး၏ ၉၁ ％ ကို ပိုင်ဆိုင်ထားသည်ဟုဆိုသော ထိုင်းကတော့ ပြောစရာမလို။ ‘ဗမာ့အခက် – ထိုင်းအချက်’ လုပ်နေတာ သမိုင်းနဲ့ချီ ကြာခဲ့ပြီ။ ဗမာပြည် မျက်ဖြူဆိုက်လေ ဆရာ ကြိုက်လေ။

သူတို့တတွေ တခွင်တပြင်လုံး စဉ်းစားကြသည်ဖြစ်၍ ဗမာပြည်ပြဿနာက ဘေးရောက်သွားရခြင်း ဖြစ်သည်။

၅။ ဩစတြေးလျ ‘ခေတ်သစ်ကွန်ဆာဗေးတစ်’ များကို လျှော့မတွက်သင့်ပါ။ တဦးတည်းကျန်သော စူပါပါဝါက ကြမ်းနေရမ်းနေချိန်တွင် စူပါပါဝါ၏ ဂျူနီယာပတ်တနာ၏အောက်ဆွဲ ဩစတြေးလျက သူ့ပတ်ဝန်းကျင်က ကျွန်းနိုင်ငံကလေးများကို သိမ်းယူရန် မျက်စိကျနေသည်။ ပစိဖိတ်သမုဒ္ဒရာတောင်ခြမ်းမှ ကျွန်းနိုင်ငံအားလုံး ဆော်လမွန်လိုချည်းပဲဟု ပြောနေသည်။ အဓိပ္ပာယ်က အားလုံးကိုသိမ်းမည်ဟုဆိုခြင်း ဖြစ်၏။

ဆော်လမွန်ကျွန်း၏သမိုင်းကလည်း လွတ်လပ်ရေးကို မရချင်ဘဲ ယူထားရခြင်း ဖြစ်သည်။ ဗီယက်နမ်စစ်ပွဲအလွန်ကာလများက လွတ်လပ်ရေးအတင်းထိုးပေး၍ ယူထားရခြင်း ဖြစ်သည်။ ၁၉၇၈ ခုနှစ်က လွတ်လပ်ရေးပေးပြီး ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်အောင် အင်္ဂလိပ်က လုပ်ပေးပြီး ထွက်သွားခဲ့ခြင်း ဖြစ်၏။

နယ်ချဲ့ဟောင်း ဆုတ်ခွာချိန်က လွတ်လပ်ရေးမယူမနေရ ယူခဲ့ရသော ဆော်လမွန်ခမျာ ယခုတော့ ‘ကျရှုံးနိုင်ငံ’ စာရင်းသွင်းပြီး ခေတ်သစ်နယ်ချဲ့က သိမ်းယူချင်နေပြန်ပြီ။

၆။ ဘာလီအစည်းအဝေးတွင် နအဖကို အာဆီယံ (၁၀) နိုင်ငံက ဖိအားမပေးဘဲ ဂျပန်က ဝတ်ကျေတန်းကျေ အစည်းအဝေးပြင်ဘက်တွင် ဖိအားပေးသည်ဟု ကြားရသည်။ သူကလည်း သူ့အကျိုးစီးပွား (နိုင်ငံရေး၊ စီးပွားရေး) ထောင့်ကနေလုပ်ခြင်း ဖြစ်လိမ့်မည်။ သူက အမေရိကန်နှင့်ကင်း၍ မရ။ အမေရိကန် ကြိုက် ပါးစပ်ကလုပ်ရပုံ ပေါ်သည်။

မကြာခင် ထိုင်းနိုင်ငံ၌ **APEC** အစည်းအဝေး လုပ်ကြလိမ့်မည်။ ထိုအစည်းအဝေးတွင် ထိပ်သီးများ စုမိလိမ့်မည်။ ထိုအစည်းအဝေးအတွက် တကွက်ချန်ပြီး အာဆီယံက လုပ်လိုက်ပုံလည်း ပေါ်ပါသည်။ (APEC ကို စိတ်ကူးယဉ်ပြီးပြောခြင်း မဟုတ်ပါ)

ဗမာပြည်အတွက်တော့ အင်အားကြီးတွေ ရန်ဖြစ်မှာမဟုတ်တာ စိတ်ချထားပါသည်။ အလွန်ဆုံးဖြစ်လျှင် တယောက်နားရွက် တယောက်တံတွေးဆွတ်တာပဲ လုပ်ကြလိမ့်မည်။

ယခုနိုင်ငံတကာ့ရာသီဥတုအရဆိုလျှင် နားရွက်တံတွေးဆွတ်တာပင် သူတို့ကိုယ်တိုင် လုပ်ကြမည် မထင်ပါ။ ဗမာပြည် ပြဿနာက ရှေ့ရောက်စရာ မရှိပါ။ ဥစ္စာရင်လို ဥစ္စာရင်ခဲဖို့ပဲ ပြင်ကြရပါမည်။

၇။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ပြည်ပဆက်ဆံရေးက ကွန်မြူနစ်ချင်းဆက်ဆံရေးက အဓိကဖြစ်သည်။ မိမိတို့ဆက်ဆံရတာ အများစုက အာဏာမဲ့အတိုက်အခံများ ဖြစ်သည်။ သူတို့နှင့်က အပြန်အလှန်ကူညီ၊ အပြန်အလှန်အားပေး တသံတည်းလုပ်လို့ ရသည်။ သူ့ရန်သူကို ကိုယ့်ရန်သူလို သဘောထားလို့ ရသည်။ ကိုယ့်ရန်သူကိုလည်း သူ့ရန်သူလိုဆက်ဆံဖို့ တိုက်တွန်းလို့ ရသည်။ အခက်အခဲ မရှိပါ။

သို့သော် အာဏာရပါတီ ဖြစ်လာလျှင် ခက်သည်။ ကိုယ့်ရန်သူက သူ့မိတ်ဆွေ ဖြစ်နေလေ့ရှိသည်။ ဒါကလည်း သဘာဝကျသည်။ ညီအစ်ကိုပါတီတွေရဲ့ရန်သူကို ကိုယ့်ရန်သူ လိုက်လုပ်နေရလျှင် သူတို့အစိုးရ ရန်သူဝိုင်းဝိုင်းလည်လိမ့်မည်။ အာဏာမဲ့ပါတီကလည်း အာဏာရပါတီ၏ရန်သူကို ကိုယ့်ရန်သူ လိုက်လုပ်ဖို့ မလွယ်ပါ။ လုပ်လျှင် ပြည်တွင်းပြည်ပ ရန် ၂ ဖက် ညှပ်လိမ့်မည်။ ပါတီချင်း ဆက်ဆံရေးကတမျိုး၊ အစိုးရချင်း ဆက်ဆံရေးကတဘာသာသာထားဖို့ ဆိုတာကလည်း ရေရှည်တွင် မဖြစ်ပါ။

၁၉၇၀ ပြည့်လွန်ကာလများက ရဲဘော်တိန့်ရှောင်ဖိန်က ဗိုလ်နေဝင်းဆီ သူတို့ ၂ ဦး ရင်းနှီးသော မိတ်ဆွေကြီးတဦးကို လွှတ်ဖူးသည်။ ‘ဗကပနဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီက ညီအစ်ကိုပါတီ ဖြစ်နေပြီး ခင်ဗျားတို့အစိုးရနဲ့က မိတ်ဆွေဖြစ်နေတယ်။ ခင်ဗျားတို့ချင်းက ပြည်တွင်းစစ်တိုက်နေကြတော့ ခွကျနေတယ်။ ပြည်တွင်းစစ်ရပ်စဲရေး ဓွေ့စပ်ဆွေးနွေးကြပါလား’ဟု ပြောခိုင်းသည်။

ဗိုလ်နေဝင်းက ဝါစာကမာစွေ့စပ်ဆွေးနွေးပွဲ လုပ်သည်။ သဘောထားမမှန်၍ ပျက်ခဲ့သည်။ စစ်အုပ်စုက သဘောထား မပြောင်းသမျှ ဘာမှအောင်မြင်မည် မဟုတ်ပါ။

ယခု ရင်ဆိုင်နေတာက **NLD** နဲ့ **SPDC** ဖြစ်သည်။ စစ်အုပ်စု သဘောထားမမှန်လျှင် အာဆီယံသာမက တကမ္ဘာလုံးက ဝိုင်းတွန်းလည်း ဘာမှအောင်မြင်မှာ မဟုတ်။

ဗမာပြည်ကွန်မြူနစ်ပါတီက ထို့ကြောင့် ပြည်ပဖိအားကို အရင်ကလည်း အဓိကမထား။ ယခုလည်း အဓိကမထားပါ။ စစ်အုပ်စုကို သဘောထားပြောင်းအောင် လုပ်နိုင်တာ ဗမာပြည်ရှိ ပြည်သူလူထုသာ ဖြစ်သည်။ ပြောင်းအောင်လုပ်လို့ ရတာလည်း ၁၉၈၈ လက်တွေ့က ပြနေသည်။

နအဖ က ၁၉၈၈ တကျော့ပြန် ပြန်မဖြစ်ရေး လုပ်နေသည်။ မိမိတို့က တကျော့ပြန်ဖြစ်ရေးကို ဇောက်ချလုပ်သင့်ပါပြီ။

နိုင်ငံတကာ့ဖိအား မလိုဟုပြောခြင်း မဟုတ်ပါ။ လိုပါသည်။ သို့သော် လုံလောက်ပါပြီ။ ပြည်ပနိုင်ငံများက သူတို့ကိုယ်ကျိုးကြည့်ပြီးသာ လုပ်ကြလိမ့်မည်။ သူတို့အကျိုး မရှိလျှင် တပါးသူပြည်တွင်းရေး ကြာရှည်စိတ်ဝင်စားလှ မရှိပါ။ စိတ်ဝင်စားလျှင်လည်း တခုကောင်း နှစ်ခုကောင်းပဲ ဖြစ်သည်။ သူတစိမ်းက စိတ်ဝင်စားတာကို မနှိုးကောင်းနှိုးကောင်း နှိုးရလျှင် အသုဘအိမ်လာပြီး နှစ်သိမ့်တရားပြသည်နှင့် တူသည်။ ကိုယ့်ပရိဒေဝမီး မဟုတ်၍ တရားပြ၍ ကောင်းကြသည်။ သူတို့အပူ မဟုတ်၍ ပြီးပြီးပျောက်ပျောက်

သဘောထားကြသည်။ အာဆီယံလုပ်ပြလိုက်တာ ဒါပဲ ဖြစ်သည်။ ဗိုလ်ခင်ညွန့်က 'အောင်မြင်ပါသည်' ဟု ပြောနိုင်ပါသည်။ ပြောပါ။ ဒါပေမဲ့ အဆုံးအဖြတ်က ပြည်ပမဟုတ်၊ ပြည်တွင်း ဖြစ်သည်။ ပြည်တွင်းတွင် သူတို့မအောင်မြင်ပါ။ မည်သူကမှ နအဖ 'လမ်းပြမြေပုံ' ကို မထောက်ခံပါ။ မထောက်ခံရာကနေ နည်းမျိုးစုံနှင့် ကန့်ကွက်အောင် စည်းရုံးကြရမည်။ 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်' ကို လူထုက ကန့်ကွက်အောင် လုပ်ရတာထက် အများကြီး လွယ်လိမ့်မည်။ ပါတီဝင်တိုင်း ပြည်တွင်းအလုပ်ကို စိတ်ရှည်လက်ရှည် လုပ်ကြရမည်။ အခါအခွင့်ကောင်းကို စောင့်ကြရမည်။

ပါတီဝင်များ ပြည်ပသို့ နောက်ထပ်ထွက်လာစရာ မလို။ ပြည်ပလုပ်ငန်းလုပ်မည့်သူ ပြည်ပတွင် လုံလောက်သည်။ ပြည်ပမီဒီယာလောကဆိုလျှင် နအဖ ဘယ်လိုမှ ဝင်မတိုးနိုင်။ မိမိတို့အင်အားစုများက ဖိထားနိုင်သည်။ ထို့ကြောင့် ပါတီဝင်များ ဗဟို၏ ခွင့်ပြုချက်မရဘဲ နောက်ထပ်ပြည်ပသို့ ထွက်မလာဖို့၊ ပြည်တွင်းလူထုလုပ်ငန်းကို ဇောက်ချပြီး လိမ်မာပါးနပ်စွာ လုပ်ကြဖို့၊ လှုပ်ရှားမှုမှန်သမျှ ဗဟိုကို အစီရင်ခံကြဖို့၊ ဗဟို၏ညွှန်ကြားချက်အတိုင်း လုပ်ကြဖို့ တောင်းဆိုထားသည်။

၁၉၈၈ က ပြည်ပဖိအား လုံးလုံးမရှိခဲ့ပါ။ ဒါပေမဲ့ (၈၈၈၈) ကို ခြိမ့်ခြိမ့်သဲသဲ လုပ်နိုင်ခဲ့ပါသည်။ BBC က ရက်ချိန်းပေးလို့ဖြစ်တာ မဟုတ်ပါ။ အခြေအနေရင့်မှည့်နေလို့ ရက်ချိန်းပေးနိုင်တာပါ။ ယခု ရက်ချိန်းပေးရမယ့်အခြေအနေ မဟုတ်။ ကျိတ်ပြီး ပြင်ရပါမယ်။ စိတ်ကူးတွေ ယဉ်နေရင်း ၁၅ နှစ် ကျော်ခဲ့ပြီ။ ထပ်ပြီး ကုလသမဂ္ဂကို စိတ်ကူးယဉ်မိလျှင်၊ နအဖ ၏ 'လမ်းပြမြေပုံ' ကို စိတ်ကူးယဉ်မိလျှင် နောက်ထပ် ၁၅ နှစ် ထပ်ပေါင်းရလိမ့်မည်။

၈။ ပြည်တွင်းလုပ်ငန်း အဓိကထားရေးပြောတိုင်း အချို့က ကွန်မြူနစ်တို့အပေါ် အမြင်မကြည်လင်ပါ။ တချို့တလေကျတော့ ကိုယ်မလုပ်ဝံ့တာ သူများလုပ်ခိုင်းနေသည်ဟုပင် စွပ်စွဲတာ ကြားရပါသည်။ သူများဘိုက်နှင့် ဓားထိုးခံနေသည့်သဘော ပြောကြပါသည်။

စစ်အုပ်စုကို တကိုယ်တော်အန်တုခဲ့တာ ဗကပ ဖြစ်ပါသည်။ ၁၉၆၂ ကျောင်းသားတိုက်ပွဲ၊ ၁၉၇၄ – ၇၅ အလုပ်သမားတိုက်ပွဲ၊ ကျောင်းသားနှင့် လူထုတိုက်ပွဲများတွင် ပါတီအနေနှင့်ဆိုလျှင် ဗကပ တခုတည်းသာ ပြင်ခဲ့ပါသည်။ 'ဇင် – ချစ် နောက်ဆုံး ၂' ကို စစ်အုပ်စုက အပြတ်လိုက်ချေမှုန်းနေစဉ်က ပြင်ရခြင်း ဖြစ်ပါသည်။

၇၅ ခုနှစ်က ၁၉၈၈ ထိ (၁၃) နှစ်ကြာပြင်မှ လူထုအုံကြွမှု ပေါ်ပါသည်။

ယခု ထိုမျှကြာမည် မဟုတ်ပါ။ ပြင်မည့်အင်အားစုကများ၍ ဖြစ်ပါသည်။ အားလုံးဝိုင်းပြီး ပြင်ကြလျှင် အချိန်တိုနှင့် ကိစ္စပြတ်နိုင်ပါသည်။

မပြင်ဆင်ဘဲ ပြည်ပဖိအားကို စိတ်ကူးယဉ်နေလျှင်ကား၊ ဗိုလ်ခင်ညွန့်၏ 'လမ်းပြမြေပုံ' ကို စိတ်ကူးယဉ်နေလျှင်ကား ဘာမှဖြစ်လာမည် မဟုတ်ပါ။

ပါတီ၏ ဤသဘောထားအမြင်ကို ရဲဘော်တိုင်း တက်တက်ကြွကြွ အကောင်အထည်ဖော်ကြပါ။ ရဲဘော်များ၊ မိတ်ဆွေများနှင့် ဆွေးနွေးကြပါ။

တင်ပြစရာ ထင်မြင်ချက်ရှိလျှင် ဗဟိုသို့ တင်ပြကြပါ။

၉။ အာဆီယံက မီးစိမ်းပြလိုက်ပြီဖြစ်၍ အမျိုးသားညီလာခံလုပ်ငန်းကို နအဖ က တက်သုတ်နှင်လိမ့်မည်။ လုပ်ငန်းကော်မတီအသစ် ပြန်ဖွဲ့ပြီးပြီ။

'အမျိုးသားညီလာခံ' အာဏာရှင်သစ် ဗိုလ်သိန်းစိန်အနေနှင့် ထပ်မံပြီး အခြေခံဥပဒေအတွက် လမ်းညွှန်မှုချပေးစရာ မရှိပါ။ ဗိုလ်မျိုးညွန့်က လုပ်သွားပြီဖြစ်သည်။ စစ်အုပ်စုဝင်အဟောင်းအသစ်ကြိုက်သည့်၊ အလောင်းအလျာများလည်းကြိုက်သည့် အခြေခံမူ ၁၀၄ ချက်။ အဲဒါတွေ ရေးထားခဲ့ပြီးပြီ။ နငယ်အမြီးတပ်ချင်တောင် တပ်စရာမကျန်အောင် လုပ်ထားခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် မခက်ပါ။

ခက်တာက (က) ညီလာခံသို့ ဘယ်သူတွေကို ဖိတ်မလဲ။ ဖိတ်ရင် တက်ကြပ့်မလား။ (ခ) တက်လာပြီး နအဖ မလိုက်လျောနိုင်တာတွေ ပြောကြရင်၊ တိုးတိုးတိတ်တိတ်ပြောတာ မဟုတ်ဘဲ ကမ္ဘာသိအောင် ပြောကြရင် (ဒါမျိုးကို သတင်းယူကြမည့်ဌာနတွေ အများကြီး ရှိသည်။ အသံလွှင့်ပေးမည့်ဌာန ၄ ခု ရှိသည်။) ဘာလုပ်မလဲ။ ညီလာခံကို ရပ်လိုက်မလား။ ဘာဖြစ်ဖြစ် ဇွတ်တိုးလုပ်မလား။

ဒီတောင် ၂ လုံးကို ကျော်ပြီးမှ 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ' သို့ ရောက်မည်။ အဲဒီအထိ ရောက်ပ့်မလား။ (ဗကပ) ကတော့ သံသယရှိသည်။

အထက်က တင်ပြခဲ့သည့် ဘယ်သူဖိတ်မလဲဆိုတာမှာ 'ကပ်ပလီ' (ကပ်ကပ်ပြီး ပလီကြသူများ) ကို ဖိတ်ဖို့က မခက်။ သူတို့က သိပ်တက်ချင်နေသည်။

နောက်မခက်တာက 'ကြောက်ကပ်' တွေ (ကြောက်ကြောက်နဲ့ ကပ်နေသူတွေ)။ နေဝင်းကို အဦးဆုံး 'အဖေကြီး' ဟု ခေါ်ခဲ့သူမှာ 'ကြောက်ကပ်' တွေ ဖြစ်သည်။ ထောင်ထဲထည့်၊ ခနထိန်းသိမ်းလိုက်တော့ 'ကြောက်' သွားပြီး၊ ရာထူးရာခံပေးလိုက်တော့ 'ကပ်' သွားသည့် 'ကြောက်ကပ်' ဖြစ်သည်။ သူတို့ကလဲ ဖိတ်စာမျှော်နေသည်။

'ကပ်ပလီ' နဲ့ 'ကြောက်ကပ်' ပါရုံနှင့် 'အမျိုးသားညီလာခံ' မဖြစ်သေး။ တိုင်းရင်းသားကိုယ်စားလှယ်တွေ ဖိတ်ရမည်။ ရွေးကောက်ခံထားရသော တိုင်းရင်းသားလူမျိုးစုပါတီတိုင်းကို ဖိတ်မလား။ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းတွေကို ဖိတ်မလား။

ဖိတ်လျှင် သူတို့တက်ကြလိမ့်မည်။ ခက်မည်မထင်။ သို့သော် ခက်မှာက သူတို့၏တောင်းဆိုချက်တွေ ဖြစ်သည်။ ပြည်ထောင်စုစစ်စစ်မှုကို ပြောလာလျှင်၊ စစ်မှန်တဲ့ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေး ပြောလာလျှင် နအဖ လက်ခံနိုင်မလား။ ပအို့ဝ်၊

ပလောင်၊ ဓနုတို့က ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဖွဲ့ပေးဖို့ ပြောလာလျှင် နအဖ လက်ခံနိုင်မလား။ ဒါတွေက ဗိုလ်မျိုးညွန့်ခေတ်က ပြတ်မသွားသောကိစ္စ ဖြစ်သည်။

NLD က ညီလာခံက ထွက်သွား၍သာ ညီလာခံကို ရပ်ဆိုင်းပစ်ကာ ဤကိစ္စကို တဝက်တပျက်နှင့် ရပ်ထားရခြင်း ဖြစ်သည်။ ပြဿနာက ပြတ်သွားတာ မဟုတ်။ ယခု ပြန်ပေါ်လိမ့်မည်။ ဗိုလ်သိန်းစိန် မပြောနှင့်၊ သန်းရွှေတောင် ရှင်းနိုင်မည် မထင်ပါ။

ဒီပဲယင်း ဖြစ်ပြီးစက ဗိုလ်ရွှေမန်း (နောင်တွင် ဗိုလ်ချုပ်ကြီးဖြစ်သွားသူ)၊ ဗိုလ်စိုးဝင်း (နောင်တွင် တွင်း – ၁ ဖြစ်သွားသူ) နှင့် ဗိုလ်ကျော်ဝင်း (ထောက်လှမ်းရေး ဒုချုပ်၊ ယခုတလော သိပ်ခြေသွက်နေသူ) တို့က 'ညီလာခံတက်ချင်ရင် အရင်လက်နက်ချရမည်' ဟု ကချင်ပြည်နယ်ဘက်တွင် ပြောသံကြားလိုက်ရသည်။ နောက်တော့ ဗိုလ်ခင်ညွန့်၏ နာမည်ဖြင့် အပစ်အခတ်ရပ်စဲရေး အဖွဲ့များကို ရန်ကုန်ခေါ်သည်။ လက်နက်ချခိုင်းမလိုလို ကြားရပြီး ဒီပဲယင်းကိစ္စပဲ အလေးထားရှင်းပြသည်ဟု ကြားရသည်။

မရှေးမနှောင်းမှာ ဗိုလ်ခင်ညွန့် ဝန်ကြီးချုပ်သစ် ဖြစ်လာသည်။ 'လမ်းပြမြေပုံ' ဆိုတာ ပေါ်လာသည်။ သူတို့အတွင်း ဘာတွေဖြစ်ခဲ့သလဲ။ တနေ့ သိလာပါလိမ့်မည်။

နအဖ၏ 'လမ်းစဉ် (၇) ရပ်' ကို ပထမ၊ ဒုတိယ၊ တတိယ အဆင့်တိုင်းတွင် အကျိုးအကြောင်းခိုင်လုံစွာ ဖွင့်ချဝေဖန်ရမည်။ မိမိအင်အားကို စုဆောင်းရမည်။ စတုတ္ထ အဆင့် 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ' ရောက်လျှင် အခါအခွင့်ကောင်းပေါ်ပြီ။ ဤအဆင့်ကို သူတို့ မုချဖြတ်ရမည်။ တခြားအဆင့်များကို မဖြတ်ဘဲ ကျော်သွားလို့ ရသည်။ ၁၉၉၀ ရွေးကောက်ပွဲကို ဘေးချိတ်လို့ ရသည်။ ဆန္ဒခံယူပွဲကို မဖြတ်သန်းဘဲ သူတို့ရချင်သည့် အခြေခံဥပဒေ မရနိုင်။ ထို့ကြောင့် ထိုအဆင့်တွင် အခါအခွင့်ကောင်းပေါ်မည်။ ထိုအခါကျမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မဟုတ်ဘဲ ဆန္ဒပြပွဲကြီး ဖြစ်သွားစေရမည်။ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမအဆင့်တွေအထိ မရောက်စေရ။ 'ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ' အဆင့်တွင် ကိစ္စပြတ်အောင် လုပ်နိုင်သည်ဟု (ဗကပ) က ယူဆသည်။

မည်သို့မည်ပုံ လုပ်ကြမလဲဆိုတာကို စိတ်ဝင်စားသူအားလုံးနှင့် အသေးစိတ်ဆွေးနွေးချင်ပါသည်။

၁၀။ 'စစ်အုပ်စုအကြိုက် ဖွဲ့စည်းပုံအခြေခံဥပဒေ' ပေါ်ပြီပဲ ထားပါ။ ဗမာပြည်နိုင်ငံရေး တည်ငြိမ်မှု ရသွားမလား။ ထာဝစဉ် ငြိမ်းချမ်းရေးကော ရသွားမလား။ မရမှာ သေချာပါသည်။

အကြောင်းပြချက် ၂ ခု ပြမည်။ တခုက ပြည်ပအကြောင်းအချက်ဖြစ်ပြီး၊ နောက်တခုက ပြည်တွင်းအကြောင်းအချက် ဖြစ်သည်။

ပြည်ပအကြောင်းအချက်က အဓိကမို့ အရင်တင်ပြခြင်း မဟုတ်ပါ။ သူက အသံအကျယ်ဆုံး ဖြစ်မှာမို့ အရင်တင်ပြတာ ဖြစ်သည်။

အက်ဒဝပ် (ဦး) လောရင့် စီစဉ်ကြီးကြပ်ပြီး ဦးနုခေါင်းဆောင်သည့် 'CIA တော်လှန်ရေး' မျိုး ဖြစ်နိုင်သည်။ ထိုင်းအစိုးရက ဒါကို အခုကျမှ ကြောက်နေခြင်း ဖြစ်သည်။ စစ်အေးခေတ်ကလို ထိုင်းမလုပ်ဝံ့တော့ပါ။ ယခုကတည်းက ရေခံမြေခံမရှိအောင် လုပ်ပစ်နေသည်။ ထိုင်းဝန်ကြီးချုပ်က ဗမာပြည်အစိုးရအပြောင်းအလဲကိစ္စဟာ သူတို့ကိစ္စမဟုတ်ဟူသောသဘော ပြောခဲ့သည်။ ဟုတ်သည်။ သူတို့ကိစ္စ မဟုတ်။ ဗမာပြည်သူပြည်သားတို့၏ ကိစ္စသာ ဖြစ်သည်။ ဗမာပြည်ပြဿနာ ကျယ်ပြန့်သွားကာ သူတို့ကို ထိခိုက်မှာစိုးတာ အဓိကဟု ထင်သည်။

ပြည်တွင်းအကြောင်းအချက်တွင် ၂ ခု ရှိသည်။ တခုက ပြည်တွင်းကပြည်သူနှင့် တိုင်းရင်းသားလူမျိုးစုများက ငြိမ်နေမှာ မဟုတ်၊ တော်လှန်ကြလိမ့်မည်။ ဒါက အသစ်အဆန်းမဟုတ်။ မပြီးသေးတာ ဆက်လုပ်ခြင်း ဖြစ်သည်။ အသစ်အဆန်းပေါ်မှာက စစ်တပ်တွင်း အာဏာလုပ်ကြံပွဲ၊ အာဏာလုပွဲတွေ တခြိမ်းခြိမ်းပေါ်မည်။ ဗမာ့သမိုင်းမှာ အဖကိုသားသတ်၊ အစ်ကိုကို ညီကသတ် နန်းလုသည့် အဖြစ်အပျက်တွေ များလှသည်။ သူများတိုင်းပြည်ထက် များလည်းများ၊ ကြမ်းလည်းကြမ်းသည်။ ထီးနန်းဆက်ခံရေးစနစ် (အခြေခံဥပဒေ) မရှိ၍ မဟုတ်၊ ရှိပါသည်။ ညီအစ်ကိုတွေ တယောက်ပြီးတယောက် မင်းလုပ်ကြဖို့ ဦးအောင်ဇေယျ မှာခဲ့သည်။ ပထမတော့ ဟုတ်မလိုလို၊ ဆင်ဖြူရှင်ကျတော့ သားကိုနန်းမွေပေးလိုက်သည်။ ထိုအခါမှစ၍ သတ်လိုက်ဖြတ်လိုက် နန်းလုလိုက်ကြသည်မှာ အင်္ဂလိပ်ကိုလိုနီဖြစ်မှ ရပ်တော့သည်။

ယခု နအဖ က ရွေးသည့် အခြေခံဥပဒေရှိလာလျှင် ကာကွယ်ရေးစစ်ဦးစီးချုပ်နေရာအတွက် လုကြသည့် စစ်ဘုရင်များခေတ် ရောက်မှာ သေချာသည်။ ဒါကြောင့် စတုတ္ထ အဆင့်တွင် အမြစ်ဖြတ်ပစ်ကြရလိမ့်မည်။

စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေး ဒီတချီ မုချအောင်ရမည်။